
# စစ်ကောင်စီ ထောက်ခံသူများ၏
# FACEBOOK တွင် ရေးသားနေသည့်
# ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု
# အစီရင်ခံစာ (ဖေဖော်ဝါရီလ)




Credit: https://dosupermk.xyz

## မာတိကာ

**၁။ နိဒါန်း ........ 2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ ........ 2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ........ 2
၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ........ 3
၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း ........ 4
၂.၄။ ကန့်သတ်ချက် ........ 4

**၃။ လေ့လာတွေ့ရှိချက်များ ........ 4**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ........ 5
၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ........ 6
၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ........ 9
၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ........ 10
၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ ........ 12

**၄။ နိဂုံးချုပ်........13**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထို့ကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အမိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုန့်ပြန်မှုများ | အန်စီအေရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဥ်များ | အန်စီအေရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ -၂၀၂၁) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |
| | |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဉ် စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။

အုပ်စုနံပါတ် (၁) မှာ Private Group ဖြစ်ပြီး အုပ်စုနံပတ် (၂ ) ၊ အုပ်စုနံပါတ် (၃) နှင့် အုပ်စုနံပတ် (၄) တို့မှာ မှာ Public Group များ ဖြစ်သည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

# ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပိုစ့် အရေအတွက် ၄၅၇ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပိုစ့်များနှင့် ပတ်သက်၍ ထိတွေ့ တုံ့ပြန်မှု အရေအတွက် ၁၁၃၉၇ ခု ရှိခဲ့ပြီး မျှဝေသူ ၆၈၇ ဦးနှင့် မှတ်ချက် ရေးသားသူ ၇၅၃ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

## ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ





**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၃၃ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၆ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၁၁ ကြိမ်ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်း ၃ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၆၅ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၁ ကြိမ်နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း ၁ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၁၃၂ ကြိမ် ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်းမှာ ၅ ကြိမ် ရှိခဲ့သည်။


## ၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၆ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၃ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၉ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၁၆ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။

သတင်းပေးသည့် ဖြစ်စဉ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။




ပုံ (၁)

ယခုလတွင်လည်း လူမျိုးရေးနှင့် ပတ်သက်၍ ရေးသား ဝါဒဖြန့်မှုများ များပြားခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ ရေကြောင်းတိုက်ပွဲတွင် စစ်ကောင်စီ သင်္ဘော သုံးစင်း တိုက်ခိုက်နှစ်မြုပ်ခံရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ် အပေါ် အခြေခံကာ ဗမာနှင့် ရခိုင်လူမျိုးအကြား လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်လာစေရန် တိုက်ခိုက်ရေးသားပြီး ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ရခိုင်လူမျိုးပိုင် ဆိုင်များအား အားပေးမှုမပြုလုပ်ရန် ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့သည် ကိုလည်း တွေ့ရသည်။


အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရက္ခိုင့်တပ်တော် က ကျောက်တော်မြို့ ရေကြောင်းတိုက်ပွဲတွင် စစ်သင်္ဘော သုံးစင်းကို လက်နက်ချရန် သုံးကြိမ် အကြောင်းကြားခဲ့ပြီး ရေကူး လွတ်မြောက်လာသူ များစွာကို ကယ်တင် ထားသည်ဟု ထုတ်ပြန်ထားသည်။ ဗျူဟာမြောက်တိုက်ခိုက်မှုကြောင့် စစ်ကောင်စီ၏ စစ်သင်္ဘော သုံးစင်းစလုံး ချက်ကောင်းကို ထိ၍ အထိနာခဲ့ကြောင်း၊ သင်္ဘောများ စင်းလုံးပြုတ် နစ်မြုပ်ရန် ဖြစ်နေချိန်တွင် လက်နက်ချ အညံ့ခံရန်၊ အလံဖြူထောင်ရန် လော်စပီကာများဖြင့် သုံးကြိမ်တိုင် ပြောကြားခဲ့သော်လည်း နားထောင်ခြင်း မရှိဘဲ တန်ပြန် ခုခံတိုက်ခိုက်နေသေးသည့် အပြင် လေကြောင်းမှ ဒရော့ဖုံးများဖြင့် အပြင်းအထန် ခုခံကာကွယ်ရန် ကြိုးစားသည့် လုပ်ရပ်ကိုသာ ပြုလုပ်နေခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




ပုံ (၂)

စောင့်ကြည့်လေ့လာမှုအရ ယခုလတွင် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ၁၆ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ စစ်ကောင်စီမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်ဝင်ကြောင်း ကြေငြာခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသားမှု များပြားခဲ့သည်ကို တွေ့ရသည်။ စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းခြင်းကို ထောက်ခံကြောင်း ရေးသားမှုများ၊ တပ်မတော်အတွက် စစ်သည် အင်အား တိုးပွားလာမည်ဟု ဝံ့ကြွားပြောဆို ရေးသားမှုများနှင့် စစ်မှုမထမ်းလိုသူများအား နှိမ့်ချအပြစ်တင် ရေးသားမှုများ ပြုလုပ်ခဲ့ ကြသည်။ စစ်ကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ပြည်သူတစ်ရပ်လုံးမှ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှပင် စစ်ကောင်စီမှ အတင်းအကျပ် အကောင်အထည် ဖော်ရန် ကြိုးစားနေပြီး စစ်ကောင်စီလော်ဘီများမှ အားပေး ထောက်ခံမှုများ၊ မြောက်ပင့်ရေးသားမှုများ ပြုလုပ်၍ ဝါဒဖြန့်နေကြသည်။


## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)

ဖေဖော်ဝါရီလအတွင်းတွင် ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် အန်စီအေလက်မှတ် ရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်၍ ၂၄ ရာခိုင်နှုန်း၊ ပြည်သူများနှင့် ပတ်သက်၍ ၁၃ ရာခိုင်နှုန်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၂ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပတ်သက်၍ ၁၀ ရာခိုင်နှုန်း၊ တပ်မတော်နှင့် ပတ်သက်၍ ၁၀ ရာခိုင်နှုန်းနှင့် စစ်ကောင်စီကို ထောက်ခံသူများနှင့် ပတ်သက်၍ ၁၀ ရာခိုင်နှုန်း အသီးသီး ရှိခဲ့သည်ကို တွေ့ရသည်။

## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ





ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်းအချက်အလက်များ၊

အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။


ဖေဖော်ဝါရီလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ မြောက်ပိုင်းညီနောင်မဟာမိတ် သုံးဖွဲ့နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။




ပုံ (၃)

ယခုလတွင် စစ်ကောင်စီ၏ စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ပတ်သက်၍ စစ်ကောင်စီ ခေါင်းဆောင်များနှင့် စစ်တိုင်းမှူးများကို အပြစ်တင် ပြောဆိုမှုများ ရှိလာခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မျက်နှာ၊ ရခိုင်ပြည်နယ် စစ်မျက်နှာနှင့် ကရင်နီစစ်မျက်နှာတို့တွင် စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ပတ်သက်၍ စိတ်ပျက်နေမှုများမှာ စစ်ကောင်စီ၏ ဝါဒဖြန့်ကွန်ရက်များတွင်ပါ လာရောက် ထင်ဟပ်နေသည်ကို တွေ့မြင်ရသည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ




ဂရပ် (၅)

စစ်ကောင်စီကို ထောက်ခံသူများကိုသာ စီစစ်၍ အဖွဲ့ဝင် ဖြစ်ခွင့်ပေးထားသော Private Group ဖြစ်သည့် အုပ်စု နံပါတ် ၁ တွင် တွေ့ရှိရသည့် ဇူလိုင်လမှ ဖေဖော်ဝါရီလအတွင်းရှိ ထိတွေ့တုံ့ပြန်မှု အခြေအနေများ ဖြစ်သည်။

## ၄။ နိဂုံးချုပ်

ဖေဖော်ဝါရီလ အတွင်းတွင် မီခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်း၊ စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို  အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

ဖေဖော်ဝါရီလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသား တော်လှန်ရေး ခေါင်းဆောင်များကို လေကြောင်းတိုက်ခိုက်မှုများနှင့် တိုက်ပွဲ ဖြစ်စဉ်အတွင်း တိုက်ခိုက် သတ်ဖြတ်နိုင်ခဲ့သည်ဟု ရေးသားမှုများ တွေ့ရသည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ မြောက်ပိုင်းညီနောင်မဟာမိတ် သုံးဖွဲ့နှင့် ကရင်နီ အမျိုးသားများ ကာကွယ်ရေးတပ်တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။

ယခုလတွင်လည်း လူမျိုးရေးနှင့် ပတ်သက်၍ ရေးသား ဝါဒဖြန့်မှုများ များပြားခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ ရေကြောင်းတိုက်ပွဲတွင် စစ်ကောင်စီ သင်္ဘော သုံးစင်း တိုက်ခိုက် နှစ်မြုပ်ခံရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ် အပေါ်အခြေခံကာ ဗမာနှင့် ရခိုင်လူမျိုးအကြား လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်လာစေရန် တိုက်ခိုက်ရေးသား ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။

ယခုလတွင် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ၁၆ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ ထိုအထဲတွင် စစ်ကောင်စီမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်ဝင်ကြောင်း ကြေငြာခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသားမှု များပြားခဲ့သည်ကို တွေ့ရသည်။ စစ်မှုထမ်း ဥပဒေ ပြဋ္ဌာန်းခြင်းကို ထောက်ခံကြောင်း ရေးသားမှုများ၊ တပ်မတော်အတွက် စစ်သည် အင်အား တိုးပွားလာမည်ဟု ဝှံကြွား ပြောဆို ရေးသားမှုများနှင့် စစ်မှုမထမ်းလိုသည့် ပြည်သူများအား နှိမ့်ချရေးသားမှုများ ပြုလုပ်ခဲ့သည်။

စစ်ကောင်စီ၏ စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ပတ်သက်၍ စစ်ကောင်စီ ခေါင်းဆောင်များနှင့် စစ်တိုင်းမှူးများကို အပြစ်တင်ပြောဆိုမှုများ ရှိလာခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မျက်နှာ၊ ရခိုင်ပြည်နယ် စစ်မျက်နှာနှင့် ကရင်နီစစ်မျက်နှာတို့တွင် စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ပတ်သက်၍ စိတ်ပျက်နေမှုများမှာ စစ်ကောင်စီ၏ ဝါဒဖြန့်ကွန်ရက်များတွင်ပါ လာရောက် ထင်ဟတ်နေသည်ကို တွေ့မြင်ရသည်။

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ အတွင်းတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှုများကို စစ်ကောင်စီအား ထောက်ခံသူများ၏ အုပ်စုများတွင် ထိတွေ့တုံ့ပြန်မှု အနည်းငယ် လျော့ကျခဲ့သည်ကို တွေ့ရသည်။